Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## အမှုန့်ကြိတ်စက် (အိမ်သုံးအတွက်သာ)

မော်ဒယ်နံပါတ် .

# MX-V310
# MX-V300




MX-V310




MX-V300

**ပါဝင်သည့်အကြောင်းအရာဇယား**

ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ ..................... ၂
အစိတ်အပိုင်းများကိုဖော်ထုတ်ခြင်း ..................................... ၄
အသုံးမပြုမီ ..................................................... ၅
လုပ်ငန်းပြဇယားနှင့်လုပ်ဆောင်ချက်များလမ်းညွှန် .............. ၆
မွှေစက်ကိုဘယ်လိုအသုံးပြုရမလဲ .............................. ၇
အစားအစာအစို၊အခြောက်ကြိတ်စက်ကိုဘယ်လိုအသုံးပြုရမလဲ ........ ၉
အသုံးပြုပြီး ....................................... ၁၀
ပြဿနာဖြေရှင်းပေးခြင်း .............................. ၁၁
အသေးစိတ် အချက်အလက် ....................................... ၁၁

- ပန်နာဆိုးနစ်ထုတ်ကုန်ပစ္စည်းကိုဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။
- ဤပစ္စည်းကိုအသုံးပြုရာတွင်မှန်ကန်ပြီးဘေးကင်းလုံခြုံမှုရှိစေရန်ဤအသုံးပြုပုံလမ်းညွှန်ချက်များကိုသေချာစွာဖတ်ပါ။
- ဤပစ္စည်းကိုအသုံးမပြုမီကျေးဇူးပြု၍ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များကိုအထူးဂရုစိုက်၍ဖတ်ရှုပါ။
- ဤပစ္စည်းကိုအိမ်တွင်အသုံးပြုရန်အတွက်သာရည်ရွယ်ပါသည်။
- ကျေးဇူးပြု၍ဤအသုံးပြုပုံလမ်းညွှန်ချက်များကိုနောင်တွင်အသုံးပြုရန်အတွက်လည်းသိမ်းဆည်းထားပါ။
- အကယ်၍ဤပစ္စည်းကိုအသုံးပြုပုံမှားယွင်းလျှင် (သို့)ဤလမ်းညွှန်ချက်များကိုလိုက်နာခြင်းမရှိလျှင်ဖြစ်ပေါ်လာမည့်ပျက်စီးမှုများကိုပန်နာဆိုးနစ်မှတာဝန်ယူလက်ခံဖြေရှင်းပေးမည်မဟုတ်ပါ။

## ဘေးကင်းလုံခြုံမှုဆိုင်ရာသတိပေးချက်များ

**ဤလမ်းညွှန်ချက်များကိုလိုက်နာရန်သေချာပါစေ**

အသုံးပြုသူများမတော်တဆထိခိုက်ခြင်းနှင့်ပျက်ဆီးခြင်းတို့မှကာကွယ်ရန်ကျေးဇူးပြု၍အောက်ပါလမ်းညွှန်ချက်များကိုလိုက်နာပါ။

■ အောက်ပါညွှန်ပြချက်များသည်အသုံးပြုပုံမှားယွင်းမှုကြောင့်ဖြစ်ပေါ်လာမည့်ပျက်စီးဆုံးရှုံးမှုအဆင့်များကိုညွှန်ပြထားခြင်းဖြစ်ပါသည်။

| | |
|---|---|
| ⚠ **အရေးကြီးသတိပေးချက်** ပြင်းထန်သောဒဏ်ရာဒဏ်ချက်(သို့)သေဆုံးခြင်းတို့ကိုဖြစ်စေနိုင်သည်ဟုညွှန်ပြသည်။ | ⚠ **သတိပေးချက်** အနာတရဖြစ်မှုအန္တရာယ်(သို့)ပစ္စည်းပျက်စီးမှုတို့ကိုဖြစ်စေနိုင်သည်ဟုညွှန်ပြသည်။ |

■ သင်္ကေတများကိုအမျိုးအစားခွဲပြီးအောက်ပါအတိုင်းရှင်းပြထားပါသည်။

| | |
|---|---|
| ⃠ ဤသင်္ကေတသည်တားမြစ်ခြင်းကိုညွှန်ပြပါသည်။ | ❗ ဤသင်္ကေတသည်လိုက်နာရမည့်လိုအပ်ချက်များကိုညွှန်ပြပါသည်။ |

# ⚠ အရေးကြီးသတိပေးချက်

**လျှပ်စစ်ရှော့ခ်၊လျှပ်စီးပတ်လမ်းပြတ်တောက်မှုကြောင့်ဖြစ်ပေါ်သောမီး၊လောင်ကျွမ်းခြင်း၊ဒဏ်ရာ၊ဒဏ်ချက်(သို့)မီးခိုးငွေ့များဖြစ်ပေါ်ခြင်းမှကာကွယ်ရန်**

- ကြိုး (သို့)ပလပ်ကိုမပျက်စီးပါစေနှင့်။
- အကယ်၍ကြိုး (သို့)ပလပ်ပျက်စီးခြင်း(သို့)ပလပ်ပေါက်ထဲသို့ပလပ်ထည့်သောအခါချောင်နေလျှင်ဤမွှေစက်ကိုအသုံးမပြုပါနှင့်။
  - အကယ်၍ကြိုးပျက်စီးလျှင်ဘေးအန္တရာယ်ဖြစ်ခြင်းမှရှောင်ရှားရန်၎င်းကိုထုတ်လုပ်သူ၊၎င်းဆားဗစ်စင်တာ(သို့)အလားတူအရည်အချင်းပြည့်မီကျွမ်းကျင်သောသူတို့ကအစားထိုးလဲလှယ်ပေးရမည်။
- စိုစွတ်သောလက်များနှင့်ပလပ်တပ်ခြင်း၊ဖြုတ်ခြင်းမပြုလုပ်ပါနှင့်။
- စက်တွင်ဖော်ပြထားသောဗို့အားမှလွဲ၍အခြားသောမီးအားကိုအသုံးမပြုပါနှင့်(သို့)ပလပ်ခုံတွင်ရှိသောဗို့အားထက်မကျော်လွန်ပါစေနှင့်။
  - သင်၏အိမ်ရှိမီးအားနှင့်မွှေစက်ကိုထောက်ပံ့ပေးသောဗို့အားနှင့်တူညီပါစေ။
  - တူညီသောပလပ်ပေါက်ထဲသို့အခြားသောစက်ပစ္စည်းများ၏ပလပ်ထိုးခြင်းသည်အပူလွန်ကဲမှုကိုဖြစ်စေနိုင်ပါသည်။
- ကြိုးပျက်စီးသွားသောအခါဤမွှေစက်ကိုအသုံးမပြုပါနှင့်။
- မော်တာစက်အုံကိုရေထဲမြှုပ်ခြင်း(သို့)၎င်းစက်အုံအပေါ်သို့ရေစက်များစင်ခြင်းမဖြစ်ပါစေနှင့်။
- မွှေစက်ကိုတစ်စစီဖြုတ်ခြင်း၊ပြုပြင်ခြင်း(သို့)ပြုပြင်မွမ်းမံခြင်းတို့ကိုမပြုလုပ်ပါနှင့်။
  - ပြုပြင်ရန်အတွက်ကျေးဇူးပြု၍သင့်ပစ္စည်း၏ဆားဗစ်စင်တာသို့ဆက်သွယ်ပါ။
- လေဝင်လေထွက်အပေါက်(သို့)အပေါက်ကြားထဲသို့မည်သည့်အရာဝတ္ထုကိုမှမထည့်ပါနှင့်။
  - အထူးသဖြင့်ပင်အပ်များ(သို့)နန်းကြိုးကဲ့သို့သောသတ္တုအရာဝတ္ထုများ
- မွှေစက်၏မည်သည့်အစိတ်အပိုင်းကိုမဆိုမူလအစိတ်အပိုင်းများမဟုတ်သည့်အပိုပစ္စည်းများနှင့်အစားထိုးခြင်းမပြုရပါ။
- မွှေစက်အလုပ်လုပ်နေစဉ်၎င်း၏အဖုံးကိုမဖယ်ရှားပါနှင့်။
- မွှေစက်ကိုသန့်စင်ရန်အပူချိန်၆၀ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်သောရေပူကိုအသုံးမပြုပါနှင့်(သို့)၎င်းမွှေစက်ကိုအခြောက်ခံရန်မီးအနီးတွင်မထားပါနှင့်။
- မွှေစက်ကရား (သို့)ကြိတ်ခွဲသည့်ခွက်ထဲသို့အပူချိန်၆၀ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်သောပူသည့်ပါဝင်ပစ္စည်းများကိုမထည့်ပါနှင့်။
- မွှေစက်ကရားအောက်ခြေနှင့်မွှေစက်ကရားတို့ကိုနေရာမှန်ထားခြင်းမရှိဘဲမလည်ပတ်စေနှင့်။
- ကြိတ်ခွဲသည့်ခွက်အောက်ခြေနှင့်ကြိတ်ခွဲသည့်ခွက်တို့ကိုနေရာမှန်ထားခြင်းမရှိဘဲမလည်ပတ်ပါစေနှင့်။
- မွှေစက်လည်ပတ်နေစဉ်မွှေစက်ကရားထဲသို့ခက်ရင်း(သို့)ဇွန်းကဲ့သို့သောအသုံးဆောင်များ(သို့)လက်ချောင်းများကိုမထည့်ပါနှင့်။
- မော်တာလည်ပတ်နေစဉ်တွင်မွှေစက်ကရားကိုမဖယ်ရှားပါနှင့်။
- ဘေးကင်းလုံခြုံမှုအတွက်ထိန်းချုပ်ပင်နှင့်ထိန်းချုပ်လီဗာတို့ကိုတုတ်ချောင်းကဲ့သို့သောမည်သည့်ကိရိယာနှင့်မှမတွန်းပါနှင့်။ထိုသို့တွန်းပါကမွှေစက်ကိုပါဝါဖွင့်ပြီးသားဖြစ်သွားနိုင်ပါသည်။

# ⚠ အရေးကြီးသတိပေးချက်

- ဤမွှေစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက် ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤမွှေစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။
- ပလပ်ကိုသေချာဝင်သည်အထိထည့်ပါ။
  - ပလပ်ပတ်ပတ်လည်တွင်အပူထုတ်လုပ်နေနိုင်သောကြောင့်အပူကြောင့်ဖြစ်ပေါ်သောလျှပ်စစ်ရှော့ခ်နှင့်မီးလောင်ခြင်းတို့ကိုဖြစ်ပွားစေနိုင်ပါသည်။
- ပလပ်ကိုပုံမှန်သန့်ရှင်းရေးပြုလုပ်ပါ။
  - ညစ်ပေနေသောပလပ်သည်အစိုဓာတ်ကြောင့်လျှပ်ကာအားနည်းမှုနှင့်မီးလောင်ခြင်းကိုဖြစ်ပွားစေနိုင်ပါသည်။
- ပုံမှန်မဟုတ်သောလုပ်ဆောင်ခြင်း(သို့)စက်ပျက်ခြင်းဖြစ်ပွားပါကမွှေစက်လည်ပတ်နခြင်းကိုချက်ချင်းရပ်လိုက်ပြီးပလပ်ဖြုတ်ထားပါ။

  ပုံမှန်မဟုတ်သောလုပ်ဆောင်ခြင်း(သို့)စက်ပျက်ခြင်းတို့ဖြစ်ပွားစေနိုင်သည့်ဥပမာများ–
  - ပလပ်(သို့)ကြိုးအဆမတန်ပူလာသည်။
  - ကြိုးပျက်စီးခြင်း(သို့)ပါဝါအားနည်းခြင်းတို့ဖြစ်လာသည်။
  - မော်တာစက်အုံပုံပျက်ခြင်း (သို့)အဆမတန်ပူလာခြင်းတို့ဖြစ်လာသည်။

  → ကျေးဇူးပြု၍ဤမွှေစက်ပလပ်ကိုချက်ချင်းဖြုတ်ပြီးအကြံပေးရန် (သို့)ဆွေးနွေးရန်အတွက်ဆားဗစ်စင်တာနှင့်တိုင်ပင်ပါ။
- ပလပ်ဖြုတ်သောအခါပလပ်ကိုသေချာစွာကိုင်၍ဖြုတ်ပါ။ကြိုးကိုဆွဲ၍ဖြုတ်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
- အကယ်၍ပူသောအရည်ကိုမွှေစက်ကရားများထဲသို့လောင်းထည့်လျှင်ရုတ်တရက်အပူငွေ့ထွက်ခြင်းကြောင့်၎င်းမွှေစက်ကရား၏အဖုံးသည်အပြင်သို့ကန်ထွက်လာနိုင်သောကြောင့်သတိထားပါ။

# ⚠ သတိပေးချက်

**လျှပ်စစ်ရှော့ခ်၊လျှပ်စီးပတ်လမ်းပြတ်တောက်မှုကြောင့်ဖြစ်ပေါ်သောမီး၊လောင်ကျွမ်းခြင်း၊ဒဏ်ရာ၊ဒဏ်ချက်(သို့)မီးခိုးငွေ့များဖြစ်ပေါ်ခြင်းမှကာကွယ်ရန်**

- မွှေစက်လည်ပတ်နေစဉ်တွင်၎င်းကိုကြည့်ရှုသူမရှိဘဲမထားခဲ့ပါနှင့်။
  - ကြည့်ရှုသူမရှိဘဲဤပစ္စည်းကိုထားခဲ့မည်ဆိုပါက၎င်း၏ပါဝါခလုတ်ကိုပိတ်ထားပါ။
- အောက်ဖော်ပြပါနေရာများတွင်မွှေစက်ကိုအသုံးမပြုပါနှင့်။
  - မညီညာသောမည်သည့်မျက်နှာပြင်တွင်မဆို၊အပူဒဏ်ခံနိုင်ခြင်းမရှိသောကော်ဇော၊စားပွဲခင်းအစရှိသည့်နေရာများ
  - မွှေစက်ကိုထိခိုက်နိုင်သောနေရာများဖြစ်သည့်ရေစင်နိုင်သောနေရာများ(သို့)အပူရှိသောနေရာအနီး
- မွှေစက်ကရားတွင်ဖော်ပြထားသည့်၎င်းထဲသို့ထည့်နိုင်သောပမာဏ၁.၅လီတာထက်ပို၍ကြိတ်ခြေရောစပ်ခြင်းမပြုလုပ်ပါနှင့်။
- ကြိတ်ခွဲသည့်ခွက်အတွက်ခွင့်ပြုထားသောဝင်ဆံ့သည့်ပမာဏထက်ပို၍မထည့်ပါနှင့်။ကြိတ်ခွဲခြင်းလုပ်ငန်းစဉ်လုပ်ရန်အတွက်အကြံပြုထားသောပါဝင်ပစ္စည်းပမာဏအတိုင်းသာထည့်ပါ။(၎င်းကိုစာမျက်နှာ ၈တွင်ရှိသော “အစားအစာအခြောက်ကြိတ်သောစက်ကိုဘယ်လိုအသုံးပြုမလဲ” ဆိုသည့်ခေါင်းစဉ်အောက်တွင်ကြည့်နိုင်ပါသည်။)
- အောက်ဖော်ပြပါဇယားကိုအခြေခံ၍မွှေစက်ကိုလည်ပတ်ခြင်းနှင့်ရပ်နားတို့ပြုလုပ်ပါ။

| ဖန်ရှင် | လည်ပတ်ချိန် (မိနစ်များ) | ရပ်နားချိန် (မိနစ်များ) |
|---|---|---|
| မွှေစက် | ၂ | ၂ |
| ကြိတ်ခွဲစက် | ၁ | ၂ |

- မွှေစက်ကိုအသုံးမပြုသည့်အခါ၎င်း၏ပလပ်ကိုဖြုတ်ထားပါ။
- မွှေစက်ကိုသယ်ဆောင်သည့်အခါမော်တာစက်အုံကိုလက်နှစ်ဖက်ဖြင့်သေချာစွာကိုင်ပါ။
- အသုံးပြုသောအခါရွေ့လျားနေသောအစိတ်အပိုင်းများကိုချဉ်းကပ်ခြင်း(သို့)ဆက်စပ်ပစ္စည်းများလဲလှယ်ခြင်းကိုမပြုလုပ်မီမွှေစက်ပါဝါခလုတ်ကိုပိတ်ပြီးလျှပ်စစ်မီးအထာက်အပံ့ကိုဖြုတ်လိုက်ပါ။
- သန့်ရှင်းရေးပြုလုပ်သည့်အချိန်နှင့်မွှေစက်ကရား(သို့)ကြိတ်ခွဲစက်ထဲတွင်မည်သည့်အရာမှမရှိသည့်အချိန်အသွားထက်သောဓားများကိုကိုင်တွယ်ပါကဂရုတစိုက်ကိုင်တွယ်သင့်ပါသည်။
- မွှေစက်ကိုသန့်ရှင်းသောညီညာပြန့်ပြူးသော၊မာကြော၍ခြောက်သွေ့သောမျက်နှာပြင်ပေါ်တွင်သာအသုံးပြုပါ။
- အကယ်၍မွှေစက်ဓားသွားကြပ်နေပါကပါဝါချက်ချင်းပိတ်ပြီးပလပ်ဖြုတ်ထားပါ။မွှေစက်ကရားထဲသို့လက်ချောင်းများထိုးထည့်ခြင်းမပြုလုပ်ပါနှင့်။မွှေစက်ဓားသွားကိုပိတ်ဆို့နေသောအရာများကိုဖယ်ရှားရန်မွှေသည့်ကိရိယာကိုအသုံးပြုပါ။

# အစိတ်အပိုင်းများ၏သတ်မှတ်ချက်




* ပလပ်ပုံစံများသည်နိုင်ငံများ(သို့)ဒေသအလိုက်ကွဲပြားသည်။

မွှေစက်ကိုမှန်ကန်စွာအသုံးမပြုသောအခါလုတ်ပွင့်မသွားစေရန်ဘေးကင်းလုံခြုံမှုအတွက်စက်အစိတ်အပိုင်းများမရွေ့လျားနိုင်အောင်ထိန်းချုပ်ထားသောကိရိယာကိုဒီဇိုင်းပြုလုပ်ထားသည်။

မှတ်ချက်
- ဘေးကင်းလုံခြုံမှုအတွက်လော့ခ်ချသည့်ပင်နှင့်ဘေးကင်းလုံခြုံမှုအတွက်လီဗာတို့ကိုတုတ်ချောင်းကဲ့သို့သောမည်သည့်ကိရိယာနှင့်မှမထွန်းပါနှင့်။
- ဘေးကင်းလုံခြုံမှုအတွက်ထိန်းချုပ်ပင်နှင့်ခလုတ်ရှိသောနေရာတွင်ပါဝင်ပစ္စည်းများ(သို့)အရည်များကိုမလောင်းချပါနှင့်။
- ဘေးကင်းလုံခြုံမှုအတွက်ထိန်းချုပ်ပင်နှင့်ထိန်းချုပ်လီဗာတို့ဝန်းကျင်တွင်အခြားမသက်ဆိုင်သောအမှုန်များစုဆောင်းခြင်းမဖြစ်စေရန်သန့်ရှင်းရေးပြုလုပ်ပါ။

ထိန်းချုပ်မှုဘောင်ကွက်




မွှေထားသောအရာသည်လိုအပ်သောအနေအထားရောက်သည်အထိလည်ပတ်ရန်လိုသောအခါမျိုးတွင်ဤဖန်ရှင်ကိုသုံးပါ။

# မွှေစက်အားအသုံးမပြုမီ

■ ဤကိရိယာအားရှေးဦးစွာအသုံးမပြုမီအစိတ်အပိုင်းတစ်ခုချင်းစီကိုဆေးပါ။

■ မှတ်သားရန်:

- မွှေခွက်အားမွှေခွက်အောက်ခံတွင်အလွယ်တကူလှည့်၍ထည့်နိုင်ရန်တပ်ခြင်း(သို့) ဖြုတ်ခြင်းတို့ပြုလုပ်ရာတွင်သံလက်ကိုင်ပေါ်တွင်လက်မ တင်ထားပါ။




## ကိရိယာကိုဖြုတ်ရန်

### မွှေစက်

၁ မွှေစက်အောက်ခံကိုနာရီလက်တံအတိုင်းညာဘက်သို့လှည့်၍ဖြုတ်ပါ။
- ဖြုတ်စက်ဓားသွားကိုသတိထားပါ။

၂ မွှေခွက်ကိုမွှေခွက်အောက်ခံတွင်တပ်ပါ။



### ကြိတ်စက်

၁ ကြိတ်ခွက်ကိုပြောင်းပြန်လှန်၍ခွက်အောက်ခံကိုနာရီလက်တံပြောင်းပြန်အတိုင်းဘယ်ဘက်သို့လှည့်၍ဖြုတ်ပါ။
- ဖြုတ်စက်ဓားသွားကိုသတိထားပါ။

၂ ကြိတ်ခွက်အောက်ခံကိုကြိတ်ခွက်တွင်တပ်ပါ။



## ကိရိယာကိုတပ်ရန်

### မွှေစက်



၁ မွှေစက်ဂတ်စကက်ကိုမွှေခွက်အောက်ခံတွင်တပ်ပါ။
- မွှေစက်ဂတ်စကက်သည်နေရာမကျပါကယိုစိမ့်မှုများရှိနိုင်ပါသည်။

၂ ကိရိယာကိုပုံတွင်ပြထားသည့်မြှားအတိုင်းတပ်ဆင်ပါ။ မွှေခွက်ကိုမွှေခွက်အောက်ခံတွင်တပ်၍အောက်ခံကိုနာရီလက်တံပြောင်းပြန်အတိုင်းဘယ်ဘက်သို့တင်းကြပ်အောင်လှည့်၍တပ်ဆင်ပါ။
- မွှေစက်ဂတ်စကက်ကိုသေချာစွာတပ်ဆင်၍မွှေခွက်ကိုတင်းကျပ်ခိုင်မာအောင်တပ်ပါ သို့မဟုတ်ပါက ယိုစိမ့်မှုများရှိနိုင်ပါသည်။
- မွှေခွက်အောက်ခံကိုမော်တာစက်အုံတွင်တပ်ဆင်ပြီးသည့်အခါမျိုးတွင်မွှေခွက်တပ်ခြင်း(သို့) ဖြုတ်ခြင်းမပြုပါနှင့်။ အရည်များစိမ့်ထွက်ခြင်း၊ မော်တာအလုပ်မလုပ်ခြင်းများဖြစ်ပေါ်စေနိုင်ပါသည်။

### ကြိတ်စက်

၁ ကြိတ်ခွက်ကိုပြောင်းပြန်လှန်ပါ။

၂ ကြိတ်ခွက်တွင်ကြိတ်စက်ဂတ်စကက်ကိုတပ်ဆင်ပါ။
- ကြိတ်ခွက်နေရာမကျပါကယိုစိမ့်မှုများရှိနိုင်ပါသည်။

၃ ကြိတ်ခွက်အောက်ခံကိုကြိတ်ခွက်တွင်တပ်၍နာရီလက်တံအတိုင်းကြိတ်ခွက်ကိုညာဘက်သို့တင်းကျပ်သည်အထိလှည့်ပါ။
- ကြိတ်စက်ဂတ်စကက်ကိုသေချာစွာတပ်ဆင်၍ကြိတ်ခွက်ကိုတင်းကျပ်ခိုင်မာအောင်တပ်ပါ သို့မဟုတ်ပါက ယိုစိမ့်မှုများရှိနိုင်ပါသည်။
- ကြိတ်ခွက်အောက်ခံကိုမော်တာစက်အုံတွင်တပ်ဆင်ပြီးသည့်အခါမျိုးတွင်မွှေခွက်တပ်ခြင်း(သို့) ဖြုတ်ခြင်းမပြုပါနှင့်။အရည်များစိမ့်ထွက်ခြင်း၊ မော်တာအလုပ်မလုပ်ခြင်းများဖြစ်ပေါ်စေနိုင်ပါသည်။




မြန်မာ

# လုပ်ငန်းပြဇယားနှင့်လုပ်ဆောင်ချက်များလမ်းညွှန်

■ မှတ်ချက် :

မွှေစက်

- မွှေခွက်အတွင်းသို့ကုန်မာများ၊ အရည်နည်းသောပစ္စည်းများ(ပဲပြုတ်များ၊ ကြက်သွန်ဖြူများ)ထည့်လျှင်မွှေခွက်၏ပမာဏသုံးပုံတစ်ပုံထက်မကျော်ပါစေနှင့်။
- ခွက်အတွင်းသို့အခြားပါဝင်ပစ္စည်းများမထည့်မီကုန်ပစ္စည်းအပျော့များ(သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ) ကိုထည့်ပါ။ ထိုအရာများကိုသေးငယ်သောအတုံးများဖြစ်အောင်လှီးပါ။ (၂–၃တုံး)
- ကုန်မာများ(မုန်လာဥကဲ့သို့)ကိုမမွှေမီအတုံးသေးများတုံးပါ။(၁–၂စင်တီမီတာ အရှည်)
- အစားအစာများကိုအပူချိန် ၆၀ ဒီဂရီစင်တီဂရိတ် သို့ ၆၀ ဒီဂရီစင်တီဂရိတ်ထက်ပိုမသုံးပါနှင့်။ (၂မိနစ်ဖွင့်၊ ၂မိနစ်ပိတ်)

အစိုကြိတ်စက်နှင့်အခြောက်ကြိတ်စက်

- သတ်မှတ်လည်ပတ်ချိန်ထက်ပိုမသုံးပါနှင့်။ (၁မိနစ်ဖွင့်၊ ၂မိနစ်ပိတ်)

| လုပ်ဆောင်ချက် | စားသောက်ဖွယ်စာရင်း | အရှိန် | ပမာဏ | လည်ပတ်ချိန်(ခန့်မှန်းခြေ) | မှတ်ချက် |
|---|---|---|---|---|---|
| (မွှေစက်) | (ပူတင်း) | ၁ | ၃၅၀–၁၀၀၀မီလီလီတာ | အများဆုံး ၁၀ စက္ကန့် | လိုအပ်လျှင်လေပူဖောင်းများကိုဖယ်ထုတ်ပါ။ |
| | (ကလေးအတွက်အစားအစာ) အုတ်ဂျုံ | ၁ | ၃၀၀–၆၀၀ ဂရမ် | ၃၀–၆၀စက္ကန့် | **အုတ်ဂျုံအတွက်**<br>- ဆန်နှင့်ရေ ၁ချိုး ၁၀ချိုး<br>- ဟင်းနုနွယ်ရွက်နှင့်ရေ ၂ချိုး ၁ချိုး<br>- ဟင်းနုနွယ်ရွက်အားနူးညံ့သွားအောင်ရေတွင်၅မိနစ်ထပ်ပိုပြုတ်ပါ။<br>**မုန်လာဥပြုတ်**<br>- ပါဝင်ပစ္စည်းပမာဏအလျောက်ရေထည့်၍မွှေပါ။<br>**မီးဖိုနှစ်ခုလုံးအတွက်**<br>- ကလေးအစာအားမွှေပြီးနောက်အခြားခွက်ထဲကိုထည့်၍အပူပေးခြင်းဖြင့်ပိုးသတ်ပါ။ |
| | (ကလေးအတွက်အစားအစာ) ဟင်းနုနွယ်ရွက်ပြုတ်+ရေ | ၁ | ၃၀၀–၄၀၀ ဂရမ် | ၆၀–၁၂၀စက္ကန့် | |
| | (ကလေးအတွက်အစားအစာ) မုန်လာဥပြုတ်+ရေ | ၁ | ၂၅၀–၈၀၀ ဂရမ် | ၃၀–၉၀စက္ကန့် | |
| | (စွပ်ပြုတ်) | ၂ | ၂၅၀–၁၀၀၀ မီလီလီတာ | အများဆုံး ၂မိနစ် | - |
| | (ဖျော်ရည်၊ သစ်သီးဖျော်ရည်) | ၂ | ၂၅၀–၁၅၀၀ မီလီလီတာ | အများဆုံး ၂မိနစ် | **သစ်သီးဖျော်ရည်အတွက်**<br>- (အိမ်သုံးရေခဲသေတ္တာမှပျမ်းမျှ ၂.၅စင်တီမီတာ ရှိသောရေခဲတုံးများကိုသာအသုံးပြုပါ။) ပြင်ပရေခဲများနှင့်ရေထည့်၍အသုံးမပြုပါနှင့်။ |
| | (ရေခဲတုံးများ) *MX-V310 အတွက်သာ | P၁ | အများဆုံး ၃၀၀ ဂရမ် | အများဆုံးအကြိမ် ၅၀ (၁မိနစ်ဖွင့်၊ ၁စက္ကန့်ပိတ်) | - (အိမ်သုံးရေခဲသေတ္တာမှပျမ်းမျှ ၂.၅စင်တီမီတာ ရှိသောရေခဲတုံးများကိုသာအသုံးပြုပါ။) ပြင်ပရေခဲများကိုအသုံးမပြုပါနှင့်။<br>– အသံမကြားရတော့သည်အထိမွှေပါ။<br>– အကယ်၍ကြိတ်ထားသောရေခဲများ၊ မွှေခွက်ဘေးပတ်ပတ်လည်တွင်ကပ်နေပါကကိရိယာကိုခလုတ်ပိတ်ကာမွှေစက်အဖုံးကိုဖွင့်ပါ။ စက်လည်စေရန်ခြစ်တံကိုသုံးပါ။ |
| | (သန့်စင်ဆေး) | P၂ | ၇၅၀ မီလီလီတာ | ၃–၁၀ကြိမ် (၁မိနစ်ဖွင့် ၁စက္ကန့်ပိတ်) | ရေဖြင့်သာအသုံးပြုပါ။ |
| (အစိုကြိတ်စက်နှင့်အခြောက်ကြိတ်စက်) | ကော်ဖီစေ့များ | ၂ | ၅၀ ဂရမ် | ၁၅–၃၀ စက္ကန့် | - |
| | ငရုတ်ကောင်း | ၂ | အများဆုံး ၂၀ ဂရမ် | အများဆုံး ၆၀စက္ကန့် | |
| | ငရုတ်ခြောက် | ၂ | အများဆုံး ၂၀ ဂရမ် | အများဆုံး ၆၀စက္ကန့် | ငရုတ်စေ့များကိုဖယ်ပါ။ |
| | (မြေပဲ) | P၁ | အများဆုံး ၇၀ ဂရမ် | အများဆုံး ၂၀ကြိမ် (၁မိနစ်ဖွင့်၊ ၁စက္ကန့်ပိတ်) | မြေပဲအပြင်ခွံနှင့်အတွင်းခွံကိုဖယ်ပါ။ |
| | ငရုတ်သီးစိမ်း | ၂ | ၅၀ ဂရမ် + ရေ ၂၀ မီလီလီတာ | အများဆုံး ၆၀စက္ကန့် | - |
| | အပျော့စား အုတ်ဂျုံ | ၂ | အများဆုံး ၂၀၀ ဂရမ် | အများဆုံး ၆၀စက္ကန့် | **အုတ်ဂျုံအတွက်**<br>– ဆန်နှင့်ရေ ၁ချိုး ၁၀ချိုး<br>– ဂျုံများသည်ကြိတ်ခွက်ဘေးနံရံများတွင်ကပ်နေ၍စက်မလည်ပတ်နိုင်ပါကခွက်ကိုဖြုတ်၍မွှေပြီးနောက်တစ်ကြိမ်ပြန်စပါ။<br>**ဟင်းနုနွယ်ရွက်ပြုတ်**<br>– ၁စင်တီမီတာအရှည်လှီးပါ။<br>– ပါဝင်ပစ္စည်းပမာဏအလျောက်ရေထည့်၍မွှေပါ။<br>– ဟင်းနုနွယ်ရွက်အားနူးညံ့သွားအောင်ရေတွင်၅မိနစ်ထပ်ပိုပြုတ်ပါ။<br>**မီးဖိုနှစ်ခုလုံးအတွက်**<br>– ကလေးအစာအားမွှေပြီးနောက်အခြားခွက်ထဲကိုထည့်၍အပူပေးခြင်းဖြင့်ပိုးသတ်ပါ။ |
| | အပျော့စား ဟင်းနုနွယ်ရွက်ပြုတ်+ရေ | ၂ | အများဆုံး ၁၆၀ ဂရမ် | အများဆုံး ၆၀စက္ကန့် | |
| | (သန့်စင်ဆေး) | P၂ | ၁၀၀ မီလီလီတာ | ၃–၁၀ကြိမ်(၁စက္ကန့်ဖွင့် ၁စက္ကန့်ပိတ်) | ရေဖြင့်သာအသုံးပြုရန် |

# မွှေစက်အားအသုံးပြုပုံ

■ မှတ်ချက် း

- မွှေစက်၏အလုပ်လုပ်နိုင်သောပမာဏ း ၁.၅လီတာ
- မွှေစက်အလွတ်ဖြင့်မွှေစက်ကိုအသုံးမပြုပါနှင့်။
- မွှေစက်သည်မွှေခွက်ယူနစ်နေရာတကျမဖြစ်ပါကအလုပ်မလုပ်နိုင်ပါ။
- မွှေစက်ဖြတ်စက်ဓားသွားသည်ညပ်နေပါကခလုတ်ချက်ချင်းပိတ်၍ပလပ်ဖြုတ်ပါ။မွှေခွက်ထဲသို့လက်မထည့်ပါနှင့်။
- ထိုသို့ဖယ်ထုတ်နေစဉ်ဓားသွားနှင့်မထိမိအောင်သတိထားပါ။
- မွှေခွက်အောက်ခံကိုကြိတ်ခွက်တွင်သေချာစွာတပ်ဆင်ပါ။ ဤသို့တပ်ဆင်ရာတွင်ကြိတ်ခွက်အောက်ခံကိုအသုံးမပြုပါနှင့်။
- မွှေစက်မပျက်စီးစေရန်စက်အားမပြုတ်ကျပါစေနှင့်။
- မွှေခွက်ထဲတွင်ရေမထည့်ထားပါနှင့်။
- မွှေခွက်ထဲတွင် အသားငါး၊ ကုန်မာများ ( ပဲပုတ်ခြောက်များ၊ နနွင်းမှုန့်များ၊ အေးခဲနေသော အစားအစာများ၊သစ်ကြပိုးကောက်ကဲ့သို့အရာများ ) စေးကပ်သော အစားအစာများ ( မြေပဲထောပတ် ) အစိုဓာတ်နည်းသော အစားအစားများ ( အာလူးထောင်း ) ထည့်ခြင်းများ၊ ကြိတ်ခွက်ထဲသို့ပြင်ပရေခဲတုံးများ (MX-V310) သို့မည်သည့်ရေခဲတုံးမဆို (MX-V300) ထည့်ခြင်းများမပြုပါနှင့်။

⃝၁ ပါဝင်ပစ္စည်းများကိုမွှေခွက်တွင်ထည့်ပါ။

⃝၂ မွှေစက်အဖုံးကိုပိတ်ပါ။

· အတွင်းဖုံးကိုသေချာတပ်ပါ။

⃝၃ ခလုတ်ပိတ်ထားပါ။ပုံ (က) တွင်ပြထားသည့်အတိုင်းမွှေခွက်ယူနစ်ကိုမွှေခွက်အောက်ခံနှင့်မော်တာအုံတွင်တြိဂံအမှတ်အသားအတိုင်းတပ်ပါ။
စက်၏မော်တာအုံနှင့်ကွက်တိမကျမချင်းမွှေစက်ကိုအချိန်အနည်းငယ်ကြား(ဘယ်နှင့်ညာ) လှည့်၍တပ်ပါ။

⃝၄ မွှေခွက်ယူနစ်ကိုချက်ကနဲအသံကြားသည်အထိနာရီလက်တံအတိုင်းညာဘက်သို့လှည့်ပါ။အမှတ်အသားများသည်ပုံ (ခ) တွင်ပြထားသည့်အတိုင်းရှိရပါမည်။

⃝၅ သတ်မှတ်ထားသောပါဝါပလပ်ခုံတွင်ပလပ်ထိုးပါ။

⃝၆ လိုအပ်သောအရှိန်နှုန်းကိုနှိပ်၍မွှေစက်ခလုတ်ဖွင့်ပါ။

· မွှေနေစဉ်အဖုံးငြိမ်စေရန်လက်ဖြင့်ဖိထားပါ။




⃝၇ မွှေပြီးသည်နှင့် " ○ " ခလုတ်ကိုနှိပ်၍စက်ပိတ်ပါ။

⃝၈ ပလပ်ဖြုတ်ပါ။

⃝၉ မွှေစက်ယူနစ်အားမော်တာစက်အုံမှဖြုတ်၍နာရီလက်တံပြောင်းပြန်အတိုင်းလှည့်ပါ။

⃝၁၀ ပါဝင်ပစ္စည်းများကိုယူပါ။အရေများကိုမွှေစက်ထဲမှလောင်းချရာတွင်အပြင်သို့လျှံမထွက်စေရန်သတိထားပါ။

· ပါဝင်ပစ္စည်းများကြောင့်မညစ်ပေပါစေနှင့်။




မြန်မာ

# မွှေစက်ကိုအသုံးပြုပုံ

## ခြစ်တံကိုအသုံးပြုပုံ

■ ခြစ်တံကို

- ပါဝင်ပစ္စည်းများသည်အရည်ပျစ်သောအရာများကြောင့်မွှေရခက်နေသည့်အခါတွင်သုံးပါ။ (ဥပမာ –ရေတ်သီးများ၊ဟင်းများ)
- ပါဝင်ပစ္စည်းများသည်မွှေခွက်ဘေးပတ်လည်တွင်ကပ်နေသည့်အခါသုံးပါ။ (ဥပမာ –ကြက်သွန်ဖြူ၊အရွက်များ)
- ပါဝင်ပစ္စည်းများသည်မွှေစက်ဖြတ်စက်ဓားသွားအောက်ခြေတွင်ကပ်နေသည့်အခါတွင်သုံးပါ။ (ရေခဲအကြေများ)

■ မှတ်ချက် :

- မွှေသည့်အခါတွင်မွှေစက်အဖုံး၏အပေါက်မှတစ်ဆင့်သာခြစ်တံကိုအသုံးပြုပါ။
- ဤထုတ်ကုန်အားအခြားမော်ဒယ်များ၏ခြစ်တံနှင့်အသုံးမပြုပါနှင့်။
- ခြစ်တံအသုံးမပြုသည့်အခါမွှေစက်အတွင်းအဖုံးကိုသေချာစွာဖွင့်ပါ။

① ကိရိယာကိုခလုတ်ပိတ်၍အတွင်းအဖုံးကိုသေချာစွာဖွင့်ပါ။

② စက်လည်ပတ်စေရန် မွှေခွက်အဖုံးမှခြစ်တံကိုဖြည့်ညင်းစွာထည့်ပါ။ မွှေနေစဉ် ခြစ်တံကိုမွှေစက်ဓားသွားကိုမထိဘဲမွှေခွက်အဖုံးမှတစ်ဆင့် ထည့်နိုင်ပါသည်။




ရေခဲအကြေများဖယ်ရှားခြင်း

① ရေခဲအကြေများကိုမွှေခွက်ထဲမှဖယ်ပါ။
② မွှေခွက်အောက်ခံကိုဖြုတ်ပါ။ (စာမျက်နှာ ၅)
③ မွှေခွက်ဖြတ်စက်ဓားသွားအောက်ရှိရေခဲအကြေများကိုခြစ်တံသုံး၍ဖယ်ပါ။
*ဓားသွားများကိုသတိထားပါ။



# အစိုကြိတ်စက်နှင့်အခြောက်ကြိတ်စက်အသုံးပြုပုံ

ဤအစိုကြိတ်စက်နှင့်အခြောက်ကြိတ်စက်သည်ကော်ဖီစေ့များ၊ ငရုတ်ခြောက်များ၊ဟင်းခတ်အမွှေးအကြိုင်များကဲ့သို့ ကုန်ခြောက်များကိုကြိတ်များကိုကြိတ်ရာတွင်အသုံးပြုသည်။ ငရုတ်သီးများ၊ ငှက်ပျောသီးများ၊ ခရမ်းချဉ်သီးများကဲ့သို့ကုန်အစိုများကိုလည်းမွှေနိုင်ပါသည်။

■ မှတ်ချက်:

- ကြိတ်စက်၏ဝင်ဆံ့မှုပမာဏ–အခြောက် –၅၀ဂရမ်(ကော်ဖီစေ့)၊ အစို–၀.၂လီတာ
- အစို(သို့) အခြောက်ကြိတ်စက်အလွတ်ဖြင့်စက်ကိုအသုံးမပြုပါနှင့်။
- ကြိတ်ခွက်ထဲမှပါဝင်ပစ္စည်းများယူသည့်အခါကြိတ်စက်ဖြတ်စက်ဓားသွားရပ်သည်အထိထားပါ။
- စက်လည်ခြင်းလုံးဝရပ်သွားသည်အထိအစို(သို့) အခြောက်ကြိတ်စက်ကိုစက်အုံမှမဖြုတ်ပါနှင့်။
- စက်သည် P၁သို့ P၂ထပ်မလည်ခင်တွင်ကြိတ်ခွက်တွင်တပ်ဆင်ပါ။ ထိုတပ်ဆင်ခြင်းအတွက်မွှေခွက်ကိုအသုံးမပြုပါနှင့်။
- ကြိတ်ခွက်အောက်ခံကိုကြိတ်ခွက်တွင်တပ်ဆင်ပါ။ ထိုတပ်ဆင်ခြင်းအတွက်မွှေခွက်ကိုအသုံးမပြုပါနှင့်။
- ကြိတ်စက်ထဲတွင် ကုန်မာများ ( ပဲပုတ်ခြောက်များ၊ နနွင်းမှုန့်များ၊ အေးခဲနေသော အစားအစာများ၊သစ်ကြပိုးကောက်ကဲ့သို့အရာများ ) အမျှင်ပါသောအရာများ၊ စေးကပ်သော အစားအစာများ ( ဥပမာ–မြေပဲထောပတ် ) နှင့်ရေခဲတုံးများမထည့်ပါနှင့်။

၁ ကြိတ်ခွက်ကိုပြောင်းပြန်လှန်၍ပါဝင်ပစ္စည်းများထည့်ပါ။
၂ ကြိတ်ခွက်တွင်ခွက်အောက်ခံကိုတပ်၍နာရီလက်တံအတိုင်းတင်းကြပ်သွားသည်အထိလှည့်ပါ။
၃ အစိုနှင့်အခြောက်ကြိတ်စက်ကိုမော်တာစက်အုံပေါ်တွင်တပ်၍ကြိတ်ခွက်နှင့်စက်အုံသည်ပုံ (က) တွင်ပြထားသည့်အတိုင်းတြိဂံအမှတ်အသားပေါ်တွင်ရှိရပါမည်။
၄ ကြိတ်စက်ယူနစ်ကိုချက်ကနဲအသံကြားသည်အထိနာရီလက်တံအတိုင်းညာဘက်လှည့်ပြီးပုံ ခတွင်ပြထားသည့်အတိုင်းအမှတ်နှင့်တစ်တန်းတည်းရှိနေပါစေ။
၅ ပါဝါပလပ်ခုံတွင်ပလပ်ထိုးပါ။




၆ လိုအပ်သောအရှိန်ကိုနှိပ်၍အစိုနှင့်အခြောက်ကြိတ်စက်ကိုခလုတ်ဖွင့်ပါ။
• မွှေနေစဉ်အဖုံးငြိမ်စေရန်အတွက်လက်ဖြင့်ဖိထားပါ။
၇ မွှေပြီးနောက်ပါဝါပလပ်ခုံကိုပိတ်ပါ။
၈ ပလပ်ကိုဖြုတ်ပါ။




၉ ကြိတ်စက်ယူနစ်ကိုမော်တာစက်အုံမှနာရီလက်တံပြောင်းပြန်အတိုင်းဘယ်ဘက်သို့လှည့်၍ဖြုတ်ပါ။
၁၀ ကြိတ်စက်ယူနစ်ကိုပြောင်းပြန်လှန်၍ကြိတ်ခွက်အောက်ခံကိုကြိတ်စက်မှဖြုတ်ရန်နာရီလက်တံပြောင်းပြန်အတိုင်းဘယ်ဘက်သို့လှည့်ပါ။
၁၁ ကြိတ်ပြီးသောပါဝင်ပစ္စည်းများကိုယူပါ။



# အသုံးပြုပြီးနောက်

## သန့်ရှင်းခြင်း

■ မှတ်ချက်း

- ရေဆေးရာတွင်သတ်မှတ်ပမာဏထက်ပိုရေပိုမထည့်ပါနှင့်။ စက်တုန်ခါမှုဖြစ်နိုင်ပါသည်။
- ရေဆေးပြီးနောက်မသန့်စင်မီကိရိယာကိုပလပ်ဖြုတ်ပါ။ သန့်ရှင်းစဉ်ဓားသွားနှင့်ဖန်သားများကိုဂရုတစိုက်ကိုင်တွယ်ပါ။
- မပြင်းသောပန်းကန်ဆေးဆပ်ပြာ(အားပျော့သော) နှင့် နူးညံ့သောရေမြှုပ်နှင့်ဆေးကြောပါ။ ဆေးကြောပြီးနောက်ရေကျင်းပြီးခြောက်သွေ့သွားသည်အထိနေရာအနှံ့သုတ်ပါ။
- ကိရိယာကိုသန့်စင်ရန်ဇန်ဇင်း၊တင်နာ၊အရက်ပြန်၊အရောင်ချွတ်ဆေး၊အရောင်ချွတ်ဆေး၊အရောင်ထင်ဆေး(သို့)သတ္တုဘရက်ရှ်တို့ကိုမသုံးပါနှင့်။ခွက်မျက်နှာပြင်ပျက်စီးနိုင်ပါသည်။
- ဤစက်ကိုပန်းကန်ဆေးစက်နှင့်ပန်းကန်အခြောက်ခံစက်ပေါ်တွင်မထားပါနှင့်။
- စက်အားသန့်စင်ရာတွင်ပန်းကန်ဆေးစက်(သို့) ပန်းကန်အခြောက်ခံစက်ကိုမသုံးပါနှင့်။
- အသုံးပြုပြီးနောက်သန့်စင်ခြင်းပြုလုပ်ရန်သေချာပါစေ။

**မဆေးကြောမီ**



- မွှေစက်အတွက်ရိုးရိုးရေ ၁၅၀မီလီလီတာ ထည့်ပါ။ မွှေစက်သန့်စင်ရာတွင်မွှေခွက်ကိုလက်ဖြင့်ကိုင်၍ (P2) ကိုနှိပ်ကာ၃ကြိမ်မှ၁၀ကြိမ်စက်လည်ပတ်အောင်ပြုလုပ်ပါ။
- အစိုနှင့်အခြောက်ကြိတ်စက်အတွက်ရိုးရိုးရေ ၁၀၀မီလီလီတာထည့်ပါ။ ကြိတ်စက်သန့်စင်ရာတွင်ကြိတ်ခွက်ကိုလက်ဖြင့်ကိုင်၍ (P2) ကိုနှိပ်ကာ၃ကြိမ်မှ၁၀ကြိမ်စက်လည်ပတ်အောင်ပြုလုပ်ပါ။

**ဆေးကြောရန်**

· သန့်ရှင်းရေးမပြုလုပ်မီမွှေစက်ဂတ်စကက်နှင့်ကြိတ်စက်ဂတ်စကက်ကိုစက်မှထုတ်ယူပါ။



· ဓားသွားကိုသွားတိုက်တံနှင့်လွတ်၍ရေပိုက်ခေါင်းအောက်တွင်ဆေးပါ။ လက်ဖြင့်မဆေးပါနှင့်။

* ဘရက်ရှ်မပါရှိပါ။



**သုတ်ရန်**

· မော်တာစက်အုံကိုအဝတ်စိုဖြင့်သုတ်ပါ။



## မွှေစက်အားသိမ်းဆည်းခြင်း

■ မှတ်ချက် ႏ

- မော်တာစက်အုံကိုမီးကြိုးဖြင့်မပတ်ပါနှင့်။
- မွှေခွက်အောက်ခံပေါ်တွင်မွှေခွက်ကိုထပ်၍သိမ်းပါ။
- ကြိတ်ခွက်အောက်ခံပေါ်တွင်ကြိတ်ခွက်ကိုတပ်၍သိမ်းပါ။

# ပြဿနာဖြေရှင်းခြင်း

အောက်ပါဇယားတွင်ပြထားသည့်လုပ်ဆောင်မှုများကိုမစတင်မီကိရိယာနှင့်ပါဝါပလပ်ခုံကိုပိတ်ပါ။

| ပြဿနာများ | ဖြစ်စေသည့်အကြောင်းအရင်း | လုပ်ရမည့်အချက်များ |
|---|---|---|
| ကိရိယာအလုပ်မလုပ်ပါ | ပလပ်ခုံတွင်ပလပ်မထိုးခြင်းကြောင့်ဖြစ်သည်။ | ပလပ်ခုံတွင်ပလပ်တပ်ပါ။ |
| ပါဝါဖွင့်ထားသော်လည်းကိရိယာစတင်လည်ပတ်ခြင်းမရှိပါ။ | မွှေစက်(သို့)ကြိတ်ခွက်သည်နေရာတကျမရှိခြင်းကြောင့်ဖြစ်သည်။ | မွှေခွက်(သို့)ကြိတ်ခွက်ကိုနေရာတကျထားပါ။ |
| | ပါဝင်ပစ္စည်း(သို့)တားမြစ်ပစ္စည်းများအဆမတန် များနေခြင်းကြောင့်ဖြစ်သည်။ | ပါဝင်ပစ္စည်းများကိုသတ်မှတ်ပမာဏထက်ပိုမထည့်ပါနှင့်။တားမြစ်ပစ္စည်းအားမထည့်ပါနှင့်။ |
| | ဘေးကင်းလုံခြုံရေးထိန်းချုပ်မှုလီဗာသည်ညှပ်နေသောကြောင့်ဖြစ်သည်။ | မွှေခွက်အောက်ခံကိုဖြုတ်၍အောက်ပါတပ်ဆင်နည်း။(စာမျက်နာ ၅အတိုင်းတပ်ဆင်ပါ။) |
| ကိရိယာသည်မွှေနေရင်းရုတ်တရက်ရပ်သွားသည်။ | ဆားကစ်ဘရိတ်ကာအလုပ်လုပ်နေခြင်းကြောင့်ဖြစ်သည်။<br>• ပါဝင်ပစ္စည်း(သို့)ကုန်များများအဆမတန်အသုံးပြုခြင်းကြောင့်ဖြစ်သည်။ | ပါဝင်ပစ္စည်းများကိုမွှေခွက်၏ဝင်ဆံ့မှုပမာဏတစ်ဝက်အောက်နည်းအောင်လျှော့၍ကုန်မာများကိုဖယ်ကာလုပ်ငန်းအားနောက်တစ်ခေါက်စတင်ပါ။ စက်အလုပ်မလုပ်သေးပါက ⓞ ခလုတ်နောက်တစ်ကြိမ်နှိပ်၍ဆားကစ်ဘရိတ်ကာကိုပြန်စပြီးစက်လည်ပတ်အောင်လုပ်ပါ။ဆားကစ်ဘရိတ်ကာကိုထပ်တလဲလဲလည်ပတ်ခြင်းမျိုးမရှိပါစေနှင့်။ |
| | တားမြစ်ပစ္စည်းများအားသုံးခြင်းကြောင့်ဖြစ်သည်။ | တားမြစ်ပစ္စည်းများအားဖယ်ပါ။ |
| | အများဆုံးလည်ပတ်ချိန်ကျော်လွန်သွားခြင်းကြောင့်ဖြစ်သည်။ | ကိရိယာကိုပိတ်၍သတ်မှတ်လည်ပတ်ချိန်အတွင်းသာသုံးပါ။(စာမျက်နာ ၃) |
| မွှေစက်မှအရာများယိုစိမ့်လာသည်။ | မွှေစက်အောက်ခံတပ်ဆင်မှုလျော့ရဲနေခြင်းကြောင့်ဖြစ်သည်။ | မွှေစက်အောက်ခံကိုမွှေခွက်တွင်ခိုင်မြဲတင်းကြပ်အောင်တပ်ဆင်ပါ။ |
| | မွှေစက်ဂတ်စကတ်ကိုမှန်ကန်စွာတပ်ဆင်ခြင်းမရှိသောကြောင့်ဖြစ်သည်။ | မွှေစက်ဂတ်စကတ်ကိုမှန်ကန်စွာတပ်ဆင်ပါ။ |
| | မွှေစက်ဂတ်စကတ်မတပ်ထားသောကြောင့်ဖြစ်သည်။ | မွှေစက်ဂတ်စကတ်တပ်ပါ။ |
| | ခွက်အောက်ခံမှားနေသောကြောင့်ဖြစ်သည်။ | ခွက်အောက်ခံအမှန်ကိုသုံးပါ။<br>• မွှေစက်အောက်ခံကိုမွှေခွက်တွင်တပ်ပါ။(စာမျက်နာ ၇)<br>• ကြိတ်ခွက်အောက်ခံကိုကြိတ်ခွက်တွင်တပ်ပါ။(စာမျက်နာ ၉) |
| | ဘေးကင်းလုံခြုံရေးထိန်းချုပ်လီဗာညပ်နေသည်။ | မွှေခွက်အောက်ခံကိုဖြုတ်ပါ။အောက်ဖော်ပြပါ(စာမျက်နာ ၅)တွင်ဖော်ပြထားသည့်တပ်ဆင်နည်းအတိုင်းလုပ်ပါ။ |
| မူမမှန်သောအသံထွက်ခြင်း(သို့)တုန်ခါနေခြင်းများရှိသည်။ | မွှေခွက်တွင်ပါဝင်ပစ္စည်းများလွန်းသောကြောင့်ဖြစ်သည်။ | ကိရိယာခလုတ်ပိတ်၍ပါဝင်ပစ္စည်းများကိုလျှော့ပါ။ |
| | မွှေခွက်အောက်ခံကိုလျော့ရဲစွာတပ်ဆင်ခြင်းကြောင့်ဖြစ်သည်။ | မွှေခွက်အောက်ခံကိုမွှေခွက်တွင်ခိုင်မြဲတင်းကြပ်အောင်တပ်ဆင်ပါ။ |
| ဖြတ်စက်ဓားသွားသည်ပစ္စည်းများကိုမလှီးဖြတ်ဘဲအလွတ်သက်သက်လည်နေသည်။ | ပါဝင်ပစ္စည်းများသည်မွှေစက်၏ဘေးပတ်လည်တွင်ကပ်နေခြင်းကြောင့်ဖြစ်သည်။ | ကိရိယာကိုခလုတ်ပိတ်၍စက်လည်ပတ်နိုင်ရန်ခြစ်ထဲထည့်ပါ။ |
| | အရည်ပမာဏနည်းနေခြင်းကြောင့်ဖြစ်သည်။ | အရည်ထည့်ပါ။ |

· စက်လည်ပတ်နေစဉ်“ကင်း”ဟူသောအသံများထွက်နိုင်သည်မှာပုံမှန်ပင်ဖြစ်သည်။

# အသေးစိတ်အချက်အလက်များ

| မော်ဒယ်နံပါတ် | MX-V310 | | MX-V300 | |
|---|---|---|---|---|
| ဖန်ရှင် | မွှေစက် | အစိုနှင့်အခြောက်ကြိတ်စက် | မွှေစက် | အစိုနှင့်အခြောက်ကြိတ်စက် |
| လျှပ်စစ်ပမာဏ | ၂၂၀–၂၄၀ဗို့~၅၀–၆၀ဟတ်စ် | | | |
| လျှပ်စစ်သုံးစွဲမှုပမာဏ | ၂၉၀–၃၂၀ဝပ် | | | |
| Max. Motor Locked Approx. Wattage | ၆၀၀ဝပ် | | | |
| ခလုတ် | O (ပိတ်)၊၁၊၂၊P၁၊P၂ | | | |
| လည်ပတ်နှုန်း | ၂မိနစ်ဖွင့်၊ ၂မိနစ်ပိတ် | ၁မိနစ်ဖွင့်၊ ၂မိနစ်ပိတ် | ၂မိနစ်ဖွင့်၊ ၂မိနစ်ပိတ် | ၁မိနစ်ဖွင့်၊ ၂မိနစ်ပိတ် |
| အတိုင်းအတာပမာဏ(အလျား×အနံ×အမြင့်)(ခန့်မှန်းခြေ) | ၁၈၈×၂၁၀×၄၀၅ | ၁၇၀×၂၁၀×၂၇၅ | ၁၉၆×၂၁၀×၄၀၅ | ၁၇၀×၂၁၀×၂၇၅ |
| အလေးချိန်(ခန့်မှန်းခြေ)(ကီလိုဂရမ်) | ၃.၆ | ၂.၃ | ၂.၄ | ၂.၃ |
| ဝင်ဆံ့မှုပမာဏ(ခန့်မှန်းခြေ) | ၁.၅လီတာ | အခြောက်ကြိတ်စက်၅၀ဂရမ်<br>(ကော်ဖီစေ့များ)<br>အစိုကြိတ်စက်၀.၂လီတာ | ၁.၅လီတာ | အခြောက်ကြိတ်စက်၅၀ဂရမ်<br>(ကော်ဖီစေ့များ)<br>အစိုကြိတ်စက်၀.၂လီတာ |
| ဖြတ်စက်ဓားသွား(သံမဏိ) | သံမဏိဓားသွား(၄)ချောင်း | သံမဏိဓားသွား(၂)ချောင်း | သံမဏိဓားသွား(၄)ချောင်း | သံမဏိဓားသွား(၂)ချောင်း |

Panasonic Manufacturing Malaysia Berhad.

No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam, Selangor Darul Ehsan, Malaysia.